# မြန်မာ့ဒီမိုကရေစီရေးနှင့်လွတ်မြောက်ရေး ခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ သတင်းလွှာ

နေ့စွဲ။ ၀၉၊၀၁၊၂၀၀၄

မြန်မာ့ဒီမိုကရေစီဘက်တော်သားအပေါင်းနှင့် မြန်မာ့မိတ်ဆွေများသို့

၂၀၀၄ခုနှစ်၊ စက်တဘ်ာလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ နံက် ၈နာရီ၊ ၈မိနစ်၊ ၈စက္ကန့် အချိန်တွင် မြန်မာ့ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂမှ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် တောင်းဆိုချက်ကို ခရီးရှည်ချီတက်ခြင်း၊ အစာငတ်ခံဆန္ဒပြခြင်းတို့ဖြင့် တောင်းဆိုတိုက်ပွဲကို အောင်မြင်စွာစတင်လိုက်ပြီဖြစ်ပါသည်။





နယူးယောက်ပြည်နယ်၊ အယ်လ်ဘာနီ မြို့ အနီးရှိ ဂျပန် သီလရှင် Jun Yasud တည်ထားသော ငြိမ်းချမ်းရေးစေတီမှ စတင်သော အဆိုပါခရီးရှည် ချီတက်ပွဲကို အစာငတ်ခံတိုက်ပွဲဝင်ရန် ဆန္ဒပြုထားသော (၇)ဦးအနက်မှ

သုံးဦးဖြစ်သည့် ဦးဟန်လင်း၊ ဦးမောင်မောင်တိတ်နှင့် ဦးဝင်းရွှေ တို့ မှ ပါဝင်ချီတက်ကြမည် ဖြစ်ပါသည်။

ဖွင့်ပွဲ အပြီးတွင် ငါးပါးသီလခံယူခဲ့ကြပြီး ဆန္ဒပြတိုက်ပွဲဆင်နွဲသူများနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးသုံးပါး နှင့် ဂျပန်သီလရှင်ကြီး၊ အခြားမြန်မာ့ဒီမိုကရေစီရေးလှုပ်ရှား သူများသည် ငြိမ်းချမ်းရေးစေတီအား လက်ျာရစ်၍ ပူဇော်ခဲ့ကြပါသည်။



၎င်းနောက် နေ့လည် (၂)နာရီတွင် ဂျပန်သီလရှင်ကြီးနှင့် ဆန္ဒပြသူသုံးဦးတို့ စတင်ချီတက်ကြပြီး ညနေ (၇နာရီနှင့် ၁၅မိနစ်) တွင် တစ်နေ့တာ ချီတက်ခြင်းကို ရပ်နားခဲ့ကြပါသည်။ ဂျပန်သီလရှင်ကြီးအနေဖြင့် အချို့ရက်များတွင် ပူးပေါင်းပါဝင်မည် ဖြစ်သည်။ မိုင်အားဖြင့် (၂၀၀)နီးပါးခရီးရှည် ပထမနေ့ကို ၁၃ မိုင်အရောက်၌ နားနေပြီဖြစ်ပါသည်။ နေ့စဉ် တိုးတက်မှုများကို ဆက်လက်ဖေါ်ပြ ပေးနေမည်ဖြစ်ပါသည်။